အမေရိကန်သမတ ဂျော့ ဒဘလျူ ဘွတ်ရှ်က မြန်မာစစ်အစိုးရအတွက် ပံ့ပိုးဆောင်ရွက်ပေးနေတဲ့ စီးပွားရေးကုမ္ပဏီတွေအပေါ် ပစ်မှတ်ထားပြီး စီးပွားရေးပိတ်ဆို့အရေးယူတာတွေကို ဆက်လက် ဆောင်ရွက်သွားဖို့ ဖေဖော်ဝါရီ ၂၅ရက် တနင်္လာနေ့က ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။ အဲဒီကြေညာချက်မှာ စီးပွားရေးလုပ်ငန်းရှင် သုံးယောက်ရဲ့အမည်တွေကိုလည်း ဖော်ပြထားပါတယ်။

မြန်မာစစ်အစိုးရဟာ မြန်မာပြည်သူတွေ နဲ့နိုင်ငံတကာရဲ့ စစ်မှန်တဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး တောင်းဆိုချက်တွေကို ပစ်ပယ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်လက်ပြုလုပ်နေတဲ့အတွက် အမေရိကန်ပြည်ထောင်စုအနေနဲ့ စီးပွားရေးပိတ်ဆို့မှုတွေကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း သမတဘွတ်ရှ်ရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒီကြေညာချက်မှာ တချိန်က ဘိန်းဘုရင်လို့ လူသိများခဲ့တဲ့ လော်စစ်ဟန်၊ သူ့ရဲ့သား စတီဗင်လော နဲ့ စတီဗင်လောရဲ့ဇနီး စင်ကာပူ နိုင်ငံသူ Cecilia Ng တို့ရဲ့ အမည်တွေနဲ့အတူ သူတို့ပိုင်ဆိုင်တဲ့ လုပ်ငန်းကုမ္ပဏီတွေကို စီးပွားရေးနဲ့ ဘဏ္ဍာရေး ပိတ်ဆို့ အရေးယူလိုက်ကြောင်းဖြည့်စွက်ဖော်ပြထားပါတယ်။

အဲသလိုပိတ်ဆို့အရေးယူရာမှာ သူတို့ရဲ့ အမေရိကန်ပြည်ထောင်စုထဲက ဘဏ်စာရင်းတွေကို အသွင်းအထုတ်မလုပ်နိုင်အောင်ပိတ်ဆို့ထားလိုက်ပြီး အမေရိကန်နိုင်ငံသားတွေကိုလည်း သူတို့နဲ့ စီးပွားရေးမလုပ်ဖို့ တားဆီးလိုက်ပါတယ်။ အမေရိကန်က ပိတ်ဆို့တဲ့စာရင်းမှာ လော်စစ်ဟန် တည်ထောင်ခဲ့တဲ့ အေးရှားဝါးလ် ကုမ္ပဏီနဲ့ ကုမ္ပဏီခွဲတွေ နဲ့အတူ သူ့သားစတီဗင်လောရဲ့ဇနီး Cecilia Ng ပိုင်ဆိုင်တဲ့ ကုမ္ပဏီ ၁၀ ခု ပါဝင်ပါတယ်။

လော်စစ်ဟန်ဟာ ၁၉၉၂ ခုနှစ်မှာ အေးရှားဝါးလ် ကုမ္ပဏီကို မြန်မာနိုင်ငံမှာ တည်ထောင်ခဲ့ပြီး အခု သူ့ရဲ့သား စတီဗင်လော က ဦးစီးဆောင်ရွက်နေတာပါ။ အေးရှားဝါးလ် ဟာ မြန်မာစစ်အစိုးရကို အဓိက ပံ့ပိုးပေးနေတာဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်တွေရရှိထားတယ်လို့ အမေရိကန် အစိုးရက ဆိုပါတယ်။ လော်စစ်ဟန်ဟာ တချိန်က ဘိန်းဘုရင်လို့ လူသိများခဲ့ပါတယ်။ သားဖြစ်သူ စတီဗင်လော ကလည်း ၁၉၉၀ ခုနှစ်တွေမှာ ဖခင်ဖြစ်သူရဲ့ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ပါဝင်လုပ်ကိုင်ခဲ့ပြီး မြန်မာပြည်မှာ အချမ်းသာဆုံးစာရင်းဝင်ဖြစ်လာခဲ့ပါတယ်။

အခု ထုတ်ပြန်လိုက်တဲ့ အမေရိကန်သမတရဲ့စီးပွားရေး ဘဏ္ဍာရေးပိတ်ဆို့မှုစာရင်းမှာ စတီဗင်လော ရဲ့ဇနီးဖြစ်သူ စင်ကာပူနိုင်ငံသူ Cecilia Ng ပိုင်ဆိုင်တဲ့ Golden Aaron ကုမ္ပဏီ အပါအဝင် ကုမ္ပဏီ ၁၀ ခုလည်း ပါဝင်ပါတယ်။ မြန်မာနိုင်ငံစစ်အစိုးရသတင်းစာတွေရဲ့ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ အတွင်း ဖော်ပြချက်အရ Golden Aaron စင်ကာပူကုမ္ပဏီဟာ မြန်မာ့ ကမ်းလွန်ပင်လယ်ပြင် ရေနံနဲ့ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ငန်းတွေမှာ ပါဝင်ပါတယ်။

မြန်မာစစ်အစိုးရဟာ သူတို့ရဲ့တရားမဝင်ငွေမည်းတွေကို စင်ကာပူမှာ သိုဝှက်ထားခွင့် ရရှိထားတယ် ဆိုတဲ့ပြောဆိုမှုတွေ ထွက်ပေါ်နေပေမဲ့ ဒါဟာ မဟုတ်မှန်ကြောင်း စင်ကာပူအစိုးရက ငြင်းဆိုပါတယ်။

အခုဖြည့်စွက်ထုတ်ပြန်ခဲ့တဲ့ အမေရိကန်စီးပွားရေးပိတ်ဆို့မှုစာရင်းမှာ ဦးတေဇ အပါအဝင် အရင် ကြေညာချက်မှာပါဝင်ခဲ့တဲ့ လူပုဂ္ဂိုလ်တွေနဲ့အတူ ၂၀၀၇ ခုနှစ် စက်တင်ဘာလက ကြေညာခဲ့တဲ့ မြန်မာ စစ်အစိုးရအဖွဲ့ဝင်တွေ နဲ့ မိသားစုဝင်တွေလည်း ပါဝင်ပါတယ်။

| | |
|---|---|
| Filename: | Document1 |
| Directory: | |
| Template: | I:\Documents and Settings\Thang Za Mang\Application Data\Microsoft\Templates\Normal.dot |
| Title: | |
| Subject: | |
| Author: | Thang Za Mang |
| Keywords: | |
| Comments: | |
| Creation Date: | 2/29/2008 2:22:00 AM |
| Change Number: | 1 |
| Last Saved On: | |
| Last Saved By: | |
| Total Editing Time: | 0 Minutes |
| Last Printed On: | 2/29/2008 2:23:00 AM |

As of Last Complete Printing

| | |
|---|---|
| Number of Pages: | 2 |
| Number of Words: | 379 (approx.) |
| Number of Characters: | 2,163 (approx.) |